ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်
သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈-၂၀၁၉ ပ-(ဖ)လ)

ဖြို့စုရေးစွဲသူ။ သံတံတားကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ကျေးရွာ ဒေသခံပြည်သူများမှ ပါဝင်ကူညီရေးဆွဲပါသည်။

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

မာတိကာ

နိဒါန်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

တည်နေရာနှင့်ပထဝီအနေအထား

သန္ဓေပင်အုပ်စု၊ သံတံတားကျေးရွာသည် ရင်းတိုက်ပင်ကျေးရွာ၏ အရှေ့ဘက်၊ ညောင်နှစ် ပင်၏ အနောက်ဘက်၊ ဘွက်ကြီးကျေးရွာ၏ တောင်ဘက်၊ ဆပ်သတောကျေးရွာ၏ မြောက်ဘက် နှင့် ပင်လယ်ရေ မျက်နှာပြင်အထက် (၂၇)ပေ မြေပြန့်တောင်ကုန်းဒေသဖြစ်ပြီး မြောက်လတ္တီကျွန် ဂုဒီဂရီမှ ၃ဖဒီဂရီအကြား အရှေ့လတ္တီကျွန် ၁၇ဖဒီဂရီမှ ၁၃ဖဒီဂရီအကြားတွင် တည်ရှိပါသည်။

ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုမှာ ပူနွေးစိုစွတ်သောအပူချိန် ၂၃.၂ဒီဂရီတွင်ရှိပြီး အမြင့်ဆုံးအပူချိန်မှာ ၃၉.၂ဒီဂရီ ဖြစ်ပါသည်။ သန္ဓေပင်အုပ်စု၊ သံတံတားကျေးရွာသည် ယခင်ကစိုက်ပျိုးရေး အခြေပြုခဲ့သော နေရာဖြစ်သည်။ ထို့နောက်ပိုင်းတွင်စိုက်ပျိုးမှုများလုပ်ကိုင်ခြင်းမရှိတော့ပါ။စက်ရုံများတည်ရှိလာကာစက်မှုထုတ်ကုန်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်းများ ရောင်းဝယ်ခြင်းများသာ ပြုလုပ်နေပါသည်။

ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးဖြစ်သော စီမံခန့်ခွဲမှုအခြေအနေများမှာ မေတ္တာခွန်အား (ရှင်ရေးကူညီမှုအဖွဲ့)မှာ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့ အဖြစ်နှင့် ကျေးရွာ အတွင်းနှင့် ဘေးရွာများ၏ ကျန်းမာရေး၊ အသက်အန္တရာယ် ဖွံ့ဖြိုးတိုးတက်ရန် စီမံခန့်ခွဲလျက်ရှိပါ သည်။

(ခ) **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

ကျေးရွာအတွင်းနေထိုင်သော ရွာသူရွာသားတို့သည် ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆိုင်ကယ်ကယ်ရီမောင်ခြင်း၊ အင်္ဂါးကားမောင်းခြင်းနှင့် ပန်းရံလက်သမားများ အဓိကစီးပွားရေး အလုပ်အဖြစ် စက်ရုံလုပ်သားများဘဝအဖြစ် အသက်မွေးမှုအခြေအနေတွင် ရပ်တည်လျက်ရှိသည်။ အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ်များမှာ အသက်မွေးမှုပညာများ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိသေးပါ။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းသာရှိပါသည်။ရွာနှင့်အလွန်နီးသော်လည်း အထက်တန်းကျောင်းများမှာ သွားရောက်ကျောင်းတက်သူ ကျောင်းသားကျောင်းသူများအတွက် အနည်းငယ်ဝေး

ကွာလျက်ရှိသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများမရှိခြင်းနှင့် ဈေးတန်း အဆောက်အဦး များလည်းမရှိပါ။ ကျေးရွာတွင်အခြေခံအဆောက်အဦးများနှင့် ပတ်သက်၍ ဖွံ့ဖြိုးမှုဝန်ဆောင်မှုများ အားနည်းလျက်ရှိပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် အသေးစားငွေချေးဝန်ဆောင်မှုများ ကျေးရွာအတွင်း ရရှိပါသည်။ငါးယောက်အစုအဖွဲ့တစ်ဖွဲ့အား အတိုးနှုန်း ၂.၅၊ တစ်အိမ်ထောင်စုလျှင် သုံးသိန်းနှုန်း ချေးငွေချပေးလျက်ရှိပါသည်။ သို့သော် ကျေးရွာအတွက် ထိုချေးငွေလုပ်ငန်းများမှ အကျိုးပြုလုပ်ငန်း များပြန်လည်လုပ်ဆောင် ပေးခြင်းအား မတွေ့ရှိရသေးပါ။ ငွေချေးလုပ်ငန်းအမည်များအနေဖြင့် Ywca, Hanna, WOORI Finance Myanmar, စတာပနာ, ဘဝနေခြည်တို့ဖြစ်သည်။ ကျေးရွာရှိရွာသူရွာသားတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတည်ထောင်ပေးထားသော အတိုးနှုန်းသက်သာ ကျေးရွာအတွက်ပြန်လည် အကျိုးပြုပေးသော မြစိမ်းရောင်ချေးငွေအစီအစဉ် သို့သော်ဝန်ဆောင်မှုကောင်းများကို လိုအပ်ကြပါသည်။ လက်လုပ်လက်စားများသော ကျွန်တော်တို့ ကျေးရွာအနေဖြင့်လည်း တစ်နိုင်တစ်ပိုင်အပို ဝင်ငွေများရရှိရန်(တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်)တို့ ပြုလုပ်လို၍ ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ပညာရေးမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာသူကျေးရွာသားအများစုမှာ စာရေးစာဖတ်နိုင်ကြသည်။ တက္ကသိုလ်ဘွဲ့ရများလည်းရှိသည်။ ကျေးရွာတွင် မူလွန်ကျောင်းတစ် ကျောင်းသာရှိသည်။ ထို့ကြောင့်အလယ်တန်း၊ အထက်ကျောင်း ကျောင်းသူကျောင်သားတို့သည် ရွာအနီးအနားမှ အထက် တန်းကျောင်းများသို့ သွားရောက်ကျောင်းတက်ရသည် ဖြစ်သည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။ ကူးစက် ရောဂါဖြစ်ပွားမှုအခြေအနေမှာ မရှိသလောက်နည်းပါးသော်လည်း လူနည်းစုမှာ ဆီးချိုသွေးချို ရောဂါ တို့သာတွေ့ရှိရပါသည်။ ကလေးသူငယ်များအား ကာကွယ်ဆေးများ ပုံမှန်လာ ရောက်ထိုးနှံကြပါသည်။ ကျေးရွာမှ A.M.W မှလည်း ကူညီလျက်ရှိပါသည်။ သို့သော်လည်း ကျေးရွာတွင် အပိုင်ကျန်းမာရေးဌာနများမရှိသေးပါ။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဤအချက်သည် ကျေးရွာအတွက်အဓိကကြသော အချက်ဖြစ်သည်။အဘယ့်ကြောင့် ဆိုသော်ကျေးရွာသည် ယခင်ကမြေခံရေခံကောင်းမွန်ခဲ့ပါသည်။သို့ပါ၍ ကျေးရွာအတွင်း စက်ရုံများ တည်ထောင်မှုရှိလာသောအခါ ၄င်းစက်ရုံတို့မှာ စက်ရုံစည်းကမ်းများနှင့်အညီပြုမူ ဆောင်ရွက်ခြင်း မရှိပါ။ ထို့ကြောင့် ၄င်းတို့၏ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေများကြောင့် မြေဆီပျက်စီးခြင်းနှင့် ရေအရင်း အမြစ်၊ ရေနေသတ္တဝါအချို့ မျိုးသုဉ်းခဲ့ရပါသည်။ ယခင်ကျေးရွာ၏ ချောင်မြောင်းများ စီးဆင်းမှု ကောင်းသော်လည်း ယခုမှာ စက်ရုံများ၏ နေရာယူတည်ဆောက်မှုတွင် ပျောက်ကွယ်လျက်ရှိပါ သည်။ ထို့ကြောင့် ကျေးရွာသည်လည်း ရေလျှံရေကြီးမှုစသော ဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရ ပါသည်။ မြေအောက် ရေလျော့ကျမှုနှင့် သောက်သုံးရေးများ ကောင်းမွန်ခြင်းမရှိတော့ပါ။ ဤသည် မှာ ရေအရင်းအမြစ်များ လွန်ကဲစွာသုံးစွဲသော ရေသန့်စက်ရုံ၊ အချိုရည်စက်ရုံတို့မှာ ပိုမိုအဓိကကြ ပါသည်။ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးအတွက် ထိုစက်ရုံများဖြစ်သော Alpine ရေသန့်စက်ရုံ၊ Pepsi ဟုလူသိများသော အချိုရည်စက်ရုံ၊ JCBစက္ကူစက်ရုံ၊ ကောင်းထက်မွေးမြူရေး အစာစက်ရုံတို့အား စည်းကမ်းတကျ အရင်း အမြစ်များ သုံးစွဲခြင်း စနစ်တကျစွန့်ပစ်မှုများ ဆောင်ရွက်ရေးများ ပြုလုပ်နိုင်ရန် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီဆောင် ရွက်မှုများရရှိရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလို ကျသော ကျေးရွာသူကျေးရွာသားများမှ ဆန္ဒရှိ လျက် ဖြစ်ပါသည်။

(ဇ) **ကျား-မ ရေးရာ**

ကျေးရွာတွင် ကျား/မ ဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် အမျိုးသားအမျိုးသမီးများမှာ တန်းတူရင်ဘောင်တန်းဆောင်ရွက်ကြပါသည်။

သံတံတားကျေးရွာ၏ ဥစ္စာဓနပြမြေပုံ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ရှိ	ရှိ	ရှိ	မရှိ
အိမ်အခြေအနေ	တိုက်ခံအိမ်	ပျဉ်ထောင်သွပ်မိုးအုပ်ပတ်ကာ	သွပ်မိုးထရံကာ	ဓနမိုးထရံကာ
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	မရှိ	မရှိ	မရှိ	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စားသောက်ဆိုင်၊KTV Storeဆိုင်	အသေးစားကုန်စုံဆိုင်	မရှိ	မရှိ
အိမ်ထောင်စု	၂၀	၁၀၆	၁၅၅	၅

သံတံတားကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယားသံတံတားကျေးရွာ

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်လမ်းများ	အဆိုပြု စီမံချက်နှင့် လုပ်ငန်းများ
၁	ကျောင်းသူ/ကျောင်းသားများ	ကျေးရွာအတွင်းလျှပ်စစ်	မီးကြိုးများ၊ဓာတ်တိုင်များ	မြေနေရာခက်ခဲမှုရှိသည်	လျှပ်စစ်နှင့်စွမ်းအင်	315KV Trans-
	စာရေးစာဖတ်ခြင်း	မီးအားနည်းခြင်း	အဆင်သင့်ရှိနေခြင်း		ဝန်ကြီးဌာန၊ကျေးလက်	formerတပ်ဆင်
	ချက်ပြုတ်စားသောက်ရေး				ဦးစီးဌာနသို့တင်ပြ	ခြင်း
	ကျေးရွာလုံခြုံရေးအားနည်းခြင်း				တောင်းခံခြင်း	
၂	နွေရာသီတွင်ရေပြတ်လပ်မှု	သောက်သုံးရေများနွေ	သန့်ရှင်းသောသောက်သုံး	ကျေးရွာအတွင်းအဝိစိ	ကျေးလက်ဦးစီးဌာန	၄"တွင်းနက်တူး
	ကြောင့်သောက်သုံးရေးရှား	ရာသီတွင်ပြတ်လပ်ခြင်း	ရေရရှိခြင်း	တွင်းမရှိခြင်းကုန်းမြင့်	သို့တင်ပြတောင်းခံခြင်း	ဖော်ခြင်း
	ပါးခြင်းမသန့်ရှင်းသောရေ		ရေကြောင့်ဖြစ်ပေါ်နိုင်သော	ဒေသဖြစ်ခြင်း		ဂါလံ၂၀၀၀ဆံ့
	များအသုံးပြုမိပါကရောဂါ		ရောဂါများကင်းဝေးခြင်း			အုတ်ရေကန်
	များဖြစ်ပေါ်လာနိုင်ခြင်း		မြေနေရာအလှူရှင်ရှိခြင်း			စက်တပ်
၃	မြောင်းရေစီးရေလာမကောင်း	ရေစီးရေလာမကောင်းခြင်း	ကျေးရွာမှလူအင်အားစိုက်	ငွေကုန်ကျစရိတ်မတတ်	ကျေးလက်ဦးစီးဌာန	ကျေးရွာအတွင်းရှိ

	သောကြောင့်မိုးတွင်းရေလှျံ	မြောင်းများတိမ်ကော	ထုတ်ပေးနိုင်ခြင်း၊မြောင်း	နိုင်ခြင်းနှင့်မတည်အလှူ	သို့တင်ပြတောင်းခံခြင်း	ရေမြောင်းအား
	၍လမ်းမပေါ်ရေကြီးခြင်း	ကျဉ်းမြောင်းနေခြင်း	အကျယ်အကျဉ်းအတွက်	ရှင်မရှိခြင်း		အဆင့်မြှင့်တင်ခြင်း
	လမ်းများရေတိုက်စား၍		မြောင်းဘေးခြံများမှမြောင်း	နည်းပညာမရှိခြင်း		
	ပျက်စီးခြင်း		အတွက်လိုအပ်မြေပေးနိုင်			
			ခြင်း			

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁၄	၂၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၅	၂၈	၅၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၃	၄၄	၈၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၃၆	၆၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၅	၄၁၆	၇၈၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၆	၃၉	၆၅
စုစုပေါင်း		**၄၉၉**	**၅၇၇**	**၁၀၇၈**
စုစုပေါင်း အိမ်ထောင်စု		**၁၀၇၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၇၈) စုရှိသည့်အနက် အလုပ်လုပ်နိုင်သူ ကျား/မ ဦးရေ(၇၈၁)ဦးနှိုင်းစို့အရွယ် ကလေးငယ်များနှင့်ကျောင်းနေအရွယ်ကလေးဦးရေ(၂၃၀)ဦးနှင့်သက်ကြီးရွယ်အို (၆၅) ဦး ရှိကြောင်း တွေ့ရှိ ရပါသည်။ထို့ကြောင့်ကျေးရွာတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	-	-	-	-
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ အုပ်စု၊ သံတံတားကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် - ၃၀ ဒီဂရီ	ပျမ်းမျှ မိုးရေချိန် -၂၈၁၈ရီ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မှော်ဘီမြို့နယ် ၊သန္ဓေပင်ကျေးရွာ အုပ်စု၊ သံတံတားကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ် မရှိကြောင်းတွေ့ရှိ ရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	မေတ္တာခွန်အား ရှင်ရေးကူညီမှု အဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သံတံတားကျေးရွာသည်ဘာသာရေးဆိုင်ရာတွင်စွမ်းဆောင်ရည်ကောင်းမွန်ပါသည်
၂	အမျိုးသမီးဓမ္မစကြာအဖွဲ့	၁☑ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐	သံတံတားကျေးရွာသည်ဘာသာရေး သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးဆိုင်ရာတွင် စွမ်းဆောင်ရည်ကောင်းမွန်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ပါသည်
၃	ကြက်ခြေနီအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သံတံတားကျေးရွာသည်ဘာသာရေး သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးဆိုင်ရာတွင် စွမ်းဆောင်ရည်ကောင်းမွန်ပါသည်
၄	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	သံတံတားကျေးရွာသည်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတွင်စွမ်းဆောင်ရည်ကောင်းမွန်ပါသည်
၅	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇		၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။မော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာတွင် ကျေးရွာသူ/သားများမှာစည်းလုံးမှုရှိပြီး ကျေးရွာသို့ ကျန်းမာရေးနှင့်ပတ်သက်၍ မြို့နယ်မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည့်ကိစ္စများအား လိုက်ပါ ဆောင်ရွက်ပေးကြပါသည်။ ရပ်ရွာကိစ္စရပ်များဖြစ်ပေါ်လာပါကအခက်အခဲမရှိစေရန် အလေးထားဝိုင်းဝန်းကူညီလေ့ရှိ ကြောင်း သိရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ပိုင်ဆိုင်မှုရှိသည် အတိအကျမပြောနိုင်ပါ	မိမိနေထိုင်သော အိမ်/ ခြံသာရှိသည်	မရှိ	မရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်	ပျဉ်ထောင် /သွပ်မိုး	အိမ်အင်္ဂါများ သာရှိသည်	အိမ်အင်္ဂါများ သာရှိသည်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စတိုးဆိုင် စားသောက်ဆိုင် ကုန်စုံဆိုင်	ကုန်စုံဆိုင်	လက်လုပ်လက်စား	လက်လုပ်လက်စား
အဓိကစီးပွားရေး လုပ်ငန်း	အရောင်းအဝယ်	ကုမ္မဏီဝန်ထမ်းအ ရောင်းအဝယ် အိမ်ဆိုင်	ကုမ္မဏီဝန်ထမ်း/ ကျဘမ်း	ကြံရာကျဘမ်း
အိမ်ထောင်စု	၂၀	၁၀၆	၁၅၅	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ မော်ဘီမြို့နယ် ၊သန္ဓေပင်ကျေးရွာအုပ်စု သံတံတားကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုနည်းပြီး လက်လုပ် လက်စား သမားများ၊ ကျဘမ်းသမားများ၊ တစ်နိုင်တစ်ပိုင်ရောင်းဝယ်သူများ၊ သားသမီးဆွေမျိုး များမှကူညီ ထောက်ပံ့မှုကို မှီခိုနေသောသက်ကြီးရွယ်အိုများလည်းရှိသောကြောင့်မပြေလည်သော အိမ်ထောင်စုအများ အပြားရှိကြောင်းတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	-	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	-	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	-	-	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	-	-	အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)	-	-	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	-	-	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု

သံတံတားကျေးရွာသည် မိရိုးဖလာ စိုက်ပျိုးရေးမလုပ်သည့်အပြင် အနည်းအကျဉ်းရှိသည့်အကွက်များမှာလည်းစက်ရုံပိုင်မြေအဖြစ် ရောင်းချထားသည်ကိုတွေ့ရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
-	-	-	-	-	-	-
-	-	-	-	-	-	-
-	-	-	-	-	-	-
-	-	-	-	-	-	-
-	-	-	-	-	-	-
-	-	-	-	-	-	-
-	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာသည် စိုက်ပျိုးမြေမရှိသည့်အတွက်ထွက်ရှိသည့်သီးနှံမရှိပါ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	-
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	-	-
ကြက်	-	-
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာသည် လက်ရှိအခြေအနေတွင်မွေးမြူရေးလုပ်ကိုင်သည့်အိမ်ထောင်စုမရှိသေးပါ။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း		၂၃ လသ ၅ ကပ		လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး		၃လသ ၂ကပ		လတ်

၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)		၂လသ ၅ကပ		နိမ့်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး		၂လသ ၄၉ကပ		လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း		၁လသ ၆ကပ		နိမ့်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး		၁၅လသ ၁၉ကပ		လတ်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ		၁လသ ၅ကပ		လတ်
၁၂	ပညာရေး		၂လသ		လတ်
၁၃	ကျန်းမာရေး		၁လသ		လတ်
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)		၃၉၉ လသ		လတ်
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ		**၅၄၀ဦး**		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။...မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာသည် စက်ရုံ/အထည်ချုပ်လုပ်ငန်းလုပ်ခြင်းဖြင့်အသက်မွေးဝမ်းကြောင်းလုပ်ကိုင်ပြီး အခြားသော လုပ်ငန်းများလုပ်ကိုင်နေသောသူများအနေဖြင့် အရင်းအနှီးမရှိခြင်း၊ နည်းပညာမရှိခြင်းအစရှိသော အခက်အခဲများရှိကြောင်းတွေ့ရှိရသည်။ (ဥပမာ-ဆိုင်ကယ်ကယ်ရီမောင်းနှင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း လုပ်သူများသည် ဆိုင်ကယ်များကိုယ်တိုင်ပြုပြင်ရန် နည်းပညာမရှိခြင်း၊ ငွေအရင်းအနှီးမရှိခြင်းစသည့် အခက်အခဲများရှိသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	**အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ထောက်ကြံ့ဈေး	ထောက်ကြံ့ဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☑ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြံ့ဈေးတွင် သွားလာရေးလွယ်ကူကာအခြခံစားသောက်ကုန်မှ လူသုံးကုန်ပစ္စည်းများအထိ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☑ သင့် ☐ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☑	ကောင်း☐ သင့် ☑ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊ သန္လေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာသည် ရွာချင်းဆက်လမ်းမရှိခြင်း၊ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးမိုးတွင်းကာလတွင်မြေသားလမ်းများ အပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချို့ငဲ့များဖြစ်ကာသွားလာရမလွယ်ကူပါ။ချဉ်းကပ်လမ်းမှာ ကတ္တရာလမ်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၆၅	၁၁၆	၄	-	၂၀	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ မော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာသည် ဆိုင်ကယ်ကယ်ရီ မောင်းနှင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်သူများ၊ သုံးဘီးဆိုင်ကယ်ဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့်အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းလုပ်သူများ တွေ့ရှိရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၃၀
ဆိုလာစနစ်	

ရင်းမြစ်	အိမ်ထောင်စု
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၉
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်းမီးအားနည်းခြင်းကြောင့်အခြားအိမ်မှအင်္ဂါးသုံးရခြင်း အိမ်အနည်းငယ်မှာလျှပ်စစ်မီးအသုံးမပြုနိုင်ပါ။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၅၉၀	၈	၂၀၃

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။မှော်ဘီမြို့နယ်သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင်တစ်အိမ်ထောင်စုလျှင်ဖုန်းတစ်လုံးမကရှိခြင်းကြောင့်သတင်းအချက်အလက်နှင့်နည်းပညာထွန်းကားမှုရှိပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၃	၄၄	၈၇
အလယ်တန်း	၃၂	၃၆	၆၈
အထက်တန်း	၂၅	၂၆	၅၁
တက္ကသိုလ်/ကောလိပ်	၉	၁၃	၂၂

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ

သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။မှော်ဘီမြို့နယ်သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် ကျေးရွာ၏ လူဦးရေနှင့်နှိုင်းယှဉ်ပါက ကျေးရွာ၌ ဘွဲ့ရပညာတက်အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။ မူလတန်း၌ပင် စားဝတ်နေရေးအခြေအနေကြောင့် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ကြသူများရှိကြောင်းလည်းသိရှိရပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၅၉၀၀								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☑			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၉	၁၀						
ကျေးရွာခန့်	-	-	-						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင်

စာသင်ကျောင်းလုံခြုံရေးအတွက်ကျောင်ခြံစည်းရိုးများကာရန်အကာများလိုအပ်ပါသည်။ ခြံစည်းရိုးပတ်လည်၏အရှည်မှာ ပေ ၇၅၀ရှိပါသည်။

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောြ	မြင့်☐	နိမ့်☐	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☐	မရှိ☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☑	မရှိ☐
၇	ဆီးချို	မြင့်☑	နိမ့်☐	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐	မရှိ☑
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် ရာသီအလိုက်ရောဂါဖြစ်ပွားမှုအသင့်အတင့်ရှိပါသည်။ ဆီးချို၊ သွေးချိုရောဂါ ပိုမိုတွေ့ရှိရပါသည်။ သွေးတိုးရောဂါအသင့်အတင့်ရှိပြီးတီဘီရောဂါအနည်းအပါးရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှုန်းမှု	✓	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရ ပညာပေး အစီအစဉ်	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် ကလေးများအား ကျန်းမာရေးဌာနမှကာကွယ်ဆေးပုံမှန်လာရောက်ထိုးနှံကြပါသည်။ ကျန်းမာရေး နှင့်ပညာ

ပေးအစီအစဉ်ဟောပြောပွဲများမပြုလုပ်ကြောင်းသိရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ သန္ဓေပင်ကျေးရွာအုပ်စုအပိုင်တွင်းသာရှိသည်။ အရေးပေါ်လူနာများအားမင်္ဂလာဒုံဆေးရုံအားသွားရောက်ကုသကြောင်းသိရှိပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၂၆၈	ကောင်း☐ သင့်☐ ညံ့☑	လုံလောက်မှုမရှိပါ
အဝိစိတွင်း/ စက်တပ်	-	ကောင်း☐ သင့်☐ ညံ့☐	-
အဝိစိတွင်း/ တုံကင်	-	ကောင်း☐ သင့်☐ ညံ့☐	-
မိုးရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
သိုလှောင်ကန်			
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	-
ရေကန်	-	ကောင်း□ သင့်□ ညံ့□	-
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမ္မပုံ။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်သန္ဓေပင်ကျေးရွာအုပ်စုသံတံတားကျေးရွာတွင် တည်ဆောက်ထားသောရေသန့်စက်ရုံ/အချို့ရည်စက်ရုံများ၏အလွန်များပြားသောရေသုံးစွဲထုတ်လုပ်မှုကြောင့်ရေအရင်းအမြစ်များပျက်စီးဆုံးရှုံးနေရပါသည်ကျေးရွာတွင်အဝီစိတွင်းများမရှိသလောက်ရှားပါးပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၅
ရေလောင်း/ယင်လုံအိမ်သာ	၁၂၅
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် အိမ်ထောင်စုတိုင်း ရေဆွဲ ၊ရေလောင်းနှင့်ယင်လုံအိမ်သာသုံးစွဲလျက်ရှိကြောင်း သိရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေမရှိကောင်းသိရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	-	
အပင်မျိုးစိတ်များ	-	
ရေအရင်းအမြစ်	-	
ငါးမျိုးကွဲများ	-	
အခြားတိရစ္ဆာန်မျိုးကွဲများ	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်၊သန္ဓေပင်ကျေးရွာအုပ်စု၊သံတံတားကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အန္တရာယ်ရှိမှုအခြေအနေမရှိကြောင်းသိရှိရပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☑	မရှိ ☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☑	မရှိ ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မှော်ဘီမြို့နယ်သန္ဓေပင်ကျေးရွာအုပ်စုသံတံတားကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရင်ဘောင်တန်း၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအတူတကွတက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး/ပြည်နယ်	-သံတံတား -သန္ဓေပင် -မော်ဘီ -ရန်ကုန်
စီမံချက်အမည်	-ထရန်စဖော်မာ(Transformer)
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျေးရွာတွင် ကိုယ်ပိုင် ထရန်စဖော်မာ(Transformer)မရှိခြင်းကြောင့် ကျေးရွာအုပ်စုဖြစ်သောသန္ဓေပင်အပိုင်မှ ခွဲယူသုံးစွဲနေရပါသည်။သို့ဖြစ်ပါသောကြောင့် လျှပ်စစ်မီးအား နည်းကာကျောင်းသူ/သားများ စာကျက်၊စာရေးရာတွင် အစဉ်မပြေခြင်း၊ လျှပ်စစ်စွမ်းအင်သုံး၍ချက်ပြုတ်စားသောက်သူကျေးရွာသားများအခက်အခဲတွေ့နေရခြင်း၊အခြားသော လျှပ်စစ်စွမ်းအင်သုံး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် အခက်အခဲများရှိနေသောကြောင့် ကျေးရွာပိုင် ထရန်စဖော်မာ ရရှိရန်လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်စွမ်းအင်မလုံလောက်မှုအား ကိုယ်ပိုင်(ကျေးရွာပိုင်) ထရန်စဖော်မာ(Transformer)တည်ဆောက်ခြင်းဖြင့်လက်ရှိအခြေအနေများအား ပိုမိုကောင်းမွန် လာစေရန်၊	
မှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) - ဤသို့ ထရန်စဖော်မာ(Transformer) တည်ဆောက်ခြင်းအားဖြင့် လျှပ်စစ်စွမ်းအင်အား အားထားအသုံးပြုနေရသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သတင်းအချက်အလက်နှင့် နည်းပညာတို့မှာ လွယ်ကူအောင်မြင်လာနိုင်သော အကျိုးကျေးဇူများဖြစ်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) - သံတံတားကျေးရွာထရန်စဖော်မာ(Transformer)တည်ဆောက်ခြင်း ခန့်မှန်းငွေ(သိန်း၁၀၀)	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
သိန်း(၁၀၀)	ကျေးလက်/ဦးစီး သိန်း(၁၀၀)

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၉၅	၅၃၈	၁၀၇၈	၂၀	၁၀၆	၁၁၅	၅	၂၈၆
အကျိုးခံစားမည့်သူဦးရေ	၄၄၅	၅၃၃	၉၇၈	၃	၁၀၆	၁၅၄	၅	၂၆၈
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းများနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ) - ကျေးရွာကော်မတီဝင်များနှင့်အုပ်ချုပ်ရေးအဖွဲ့ - ကျေးလက်ဦးစီးဌာန - ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း - ဇွန်လ ၂၀၁၈ခုနှစ်
(၃) စီမံချက်ပြီးစီးမည့်အချိန် - စက်တင်ဘာလ ၂၀၁၈ခုနှစ်
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်- - သံတံတားကျေးရွာထရမ်စဖော်မာ(Transformer)တည်ဆောက်ရန်အတွက်လိုအပ်မည့်ငွေ အနည်းငယ်ကိုကျေးရွာဘက်မှထည့်ဝင်ပါမည်။
(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ - ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ - (Transformer)နှင့်ပတ်သက်၍ရေရှည်တည့်တံ့ရေးနှင့်စည်းမျဉ်းစည်းကမ်းချက်များထားရှိပါမည်။ - စီမံကိန်းပြီးလျှင်ပြီးခြင်းသက်ဆိုင်ရာဌာနသို့အထောက်အထားများနှင့်တကွတင်ပြပါမည်။

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project profile)

ကျေးရွာ	-သံတံတား
ကျေးရွာအုပ်စု	-သန္ဓေပင်
မြို့နယ်	-မော်ဘီ
တိုင်းဒေသကြီး/ပြည်နယ်	-ရန်ကုန်
စီမံချက်အမည်	-စက်ရေတွင်တူးဖော်ခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျေးရွာတွင် ရေးအရင်းမြစ်များ များစွာသုံးယူနေသော စက်ရုံများကြောင့် ကျေးရွာတွင် ရေအရင်းအမြစ်များလျော့ကျလျက်ရှိရာ နွေရာသီသို့ရောက်ရှိလျှင် တွင်းရေများပြတ်လပ် လျက်ရှိပါသည်။ကျေးရွာသည် မြေပြန့်တောင်ကုန်းဒေသဖြစ်၍ တောင်ကုန်းဆက်နေထိုင်သူတို့မှာ ရေးလျော့နည်းမှု ပိုမိုခံစားနေရပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - လက်ရှိခံစားနေရသော ရေရရှိရေးပြဿနာအား စက်ရေတွင်းတူးဖော်ခြင်း ကြောင့် လက်ရှိအခြေအနေများအား ပိုမိုကောင်းမွန်လာစေရန်၊	
မှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) - ဤသို့ စက်ရေတွင်းတူးဖော်ခြင်းကြောင့်ကျေးရွာ၏ရေရရှိမှုလွယ်ကူလာစေမည်။ ရေကောင်းရေသန့်များ ရရှိသဖြင့် ရေနှင့်ပတ်သက်သော ရောဂါများမှ ကင်းဝေးစေမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) - သံတံတားကျေးရွာစက်ရေတွင်းတူးဖော်ခြင်း ခန့်မှန်းငွေ(သိန်း၁၀၀)	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
သိန်း(၁၀၀)	ကျေးလက်/ဦးစီး သိန်း(၁၀၀)

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၄၉၅	၅၃၈	၁၀၇၈	၂၀	၁၀၆	၁၁၅	၅	၂၈၆
အကျိုးခံစားမည့်သူဦးရေ	၄၄၅	၅၃၃	၉၇၈	၃	၁၀၆	၁၅၄	၅	၂၆၈
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းများနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ) - ကျေးရွာကော်မတီဝင်များနှင့်အုပ်ချုပ်ရေးအဖွဲ့ - ကျေးလက်ဦးစီးဌာန - ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း - ဇွန်လ ၂၀၁၈ခုနှစ်
(၃) စီမံချက်ပြီးစီးမည့်အချိန် - စက်တင်ဘာလ ၂၀၁၈ခုနှစ်
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်- - သံတံတားကျေးရွာ စက်ရေးတွင်းတူးဖော်ရာတွင် လိုအပ်သော ရေစက်ကြည့်ရှု စောင့်ရှောက်သူ၊ ရေစက်ထိန်းသိမ်းရေး၊ ရေစက်လည်ပတ်ရန်စက်သုံးဆီရရှိရန်တို့ အား ကျေးရွာမှထည့်ဝင်ဆောင်ရွက်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ - ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ - စက်ရေတွင်းနှင့်ပတ်သက်၍ရေရှည်တည့်တံ့ရေးနှင့်စည်းမျဉ်းစည်းကမ်းချက်များထားရှိပါမည်။ - စီမံကိန်းပြီးလျှင်ပြီးခြင်း ရေကော်မတီများဖွဲ့စည်း၍ ကောက်ခံရရှိလာသော ရန်ပုံငွေများကိုစနစ်တကျသုံးစွဲခြင်း လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်သိမ်းရေးတို့အတွက် သုံးစွဲပြီးငွေစာရင်းရှင်းတမ်းများကို (၆)လတစ်ကြိမ် ကျေးရွာလူထုသို့ချပြသွားပါမည်။